**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၆၀ ရက်မြောက်နေ့ အစီအစဉ်**

**[ ၈-၆-၂၀၁၅ ] (တနင်္လာနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်မွေးလွင်၊ မင်းကင်း မဲဆန္ဒနယ်၏ **မင်းကင်းမြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လွန်စွာညံ့ဖျင်းမှုအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့ သဘောထားမှတ်ချက်ပေးပို့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ မည်သို့ စိစစ်သတ်မှတ်ခဲ့ခြင်းနှင့် မင်းကင်းမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများအား လစာနစ်ဆ တိုးပေးနိုင်ရေးအတွက် စီမံထားရှိမှု အခြေအနေကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **၁၆၃/၁၆၇ ပန်းဆိုးတန်းလမ်းရှိ စိန်ဘရားသားအဆောက်အအုံနှင့် ၁၂၂/၁၃၂ (၃၆)လမ်းရှိ ဂိုဒေါင်တို့အား လက်ရောက်ပိုင်ဆိုင်ခွင့် ပြန်လည်လွှဲပြောင်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းစိန်၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်၏ **ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ ကျေးရွာများအတွက် သောက်သုံးရေ လုံလောက်မှုရရှိရန် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့အတွင်းရှိ ရပ်ကွက် (၁၀)ရပ်ကွက်အား မိုးရေနစ်ခြင်းမှ ကင်းဝေးစေရန်နှင့် မြို့၏ ရေဆိုးထုတ်စနစ် ရေစီးရေလာကောင်းစေရေး (Master Plan) ရေးဆွဲ၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့နယ် ထင်းရှူး ကျေးရွာချောင်းဖျား တိမ်ကောသွားပြီး လယ်ယာမြေ ကေပေါင်း (၄၀၀)ကျော် လုပ်ကိုင်၍ မရပါသဖြင့် လင်းမသာရွာနှင့် စွပ်ပလောင်ရွာကြား ချောင်းဖျားအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဂန့်ဂေါမြို့နယ်ရှိ တောင်ခင်ရန်း ကျေးရွာနှင့် ဟံသာဝတီကျေးရွာတို့ရှိ အထက်တန်း ကျောင်းခွဲများအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ လာဘိုကျေးရွာ၊ မောက်လင်းကျေးရွာနှင့် နမ်းခါးကျေးရွာတို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲများအား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ဘော်ပြင်းကျေးရွာရှိ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ်လည်းကောင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်သိ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ ပင်လုံ အရှေ့ကျေးရွာအုပ်စု၊ ကျူရုံးရွာရှိ အခြေခံပညာမူလတန်းကျောင်း အဆောက်အဦအသစ်အား မည်သည့်အချိန်တွင် ဆောက်လုပ် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးတင်ဌေးအောင်၊ ရေစကြိုု မဲဆန္ဒနယ်၏ **ရွှေပန်တော်ဦး ကုမ္ပဏီမှ တင်ဒါရယူဆောက်လုပ်ခဲ့သည့် ရေစကြိုမြို့နယ်ရှိ တေရော်ကျေးရွာ အလယ်တန်းကျောင်းခွဲမှ ကျောင်းဆောင်နှင့် ဝါယာကျေးရွာ မူလတန်းကျောင်းတို့ကို တင်ဒါပါစာချုပ်များနှင့် သတ်မှတ် စံချိန် စံညွှန်း မကိုက်ညီမှုတို့အား မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၆၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။